ဒေသခံကရင်လူမှုအဖွဲ့

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး

ကျောက်ကြီးမြို့နယ်

ရက်စွဲ – ၂၄ရက် မေလ၊ ၂၀၂၁။

<u>နော်အေးကြန်ဖမ်းဆီးချုပ်နှောင်ခံရမှုနှင့် စပ်လျှင်း၍ သဘောထားထုတ်ပြန်ကြေညာချက်</u>

၁။ ယနေ့ ၂၄၊ ၅၊ ၂၀၂၁ နံနက်အစောပိုင်း (၄း၃၀)နာရီခန့်တွင် အကြမ်းဖက်စစ်အုပ်စုမှ ကေအဲန်ယူ–ကျောက်ကြီးမြို့နယ် ဒေသခံကရင်လူမှုအဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူ နော်အေးကြန်အား သူ၏နေအိမ်အတွင်းသို့ ဝင်ရောက်ဖမ်းဆီးခဲ့သည်။

၂။ ကေအဲန်ယူ–ကျောက်ကြီးမြို့နယ်၊ ဒေသခံကရင်လူမှုအဖွဲ့သည် ဒေသအတွင်း လိုအပ်ချက်များ၊ ဒေသခံကရင်လူထု၏ လူမှုအကျိုးစီးပွားဆိုင်ရာ လုပ်ငန်းစဉ်များအား ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ လမ်းညွှန်ချက်များဖြင့် လုပ်ဆောင်နေသောအဖွဲ့ဖြစ်သည်။

၃။ ယခုကဲ့သို့ ဒေသအကျိုး၊ လူထုအကျိုး ထမ်းဆောင်နေသော ပုဂ္ဂိုလ်တစ်ဦးကို မတရားဖမ်းဆီးချုပ်နှောင်ခြင်းအား ကျွန်ုပ်တို့မှ အပြင်းအထန် ရှုံ့ချပြီး ချွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်အတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးအား အသိပေးလိုက်သည်။

၄။ အကယ်၍ အကြမ်းဖက်စစ်အုပ်စု အနေဖြင့် ယခုဖမ်းဆီးချုပ်နှောင်ခြင်းခံရသော အဖွဲ့ဝင်အား ပြန်လွှတ်မပေးလျှင်သော်လည်းကောင်း၊ ယခုကဲ့သို့ ဖမ်းဆီးချုပ်နှောင်ခြင်းများ ထပ်မံပြုလုပ်လျှင်သော်လည်းကောင်း ကရင်လူထုအား ဦးဆောင်နေသော အဖွဲ့အစည်းများအနေဖြင့် လူထုနှင့်လက်တွဲလျက် ပြင်းထန်သော တုံ့ပြန်မှုများ လုပ်ဆောင်သွားမည် ဖြစ်သည်။

ကေအဲန်ယူ–ကျောက်ကြီးမြို့နယ်၊ ဒေသခံကရင်လူမှုအဖွဲ့

ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၉–၇၅၈၃၄၆၀၁၁